# မြန်မာစာအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၇၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာစာအဖွဲ့ဥပဒေပုဒ်မ ၃ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၃။ (က) ဝန်ကြီးအဖွဲ့သည်—

(၁) နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊

(၂) အဖွဲ့ဝင် ဦးရေကို နိုင်ငံတော်ကောင်စီ က သတ်မှတ်ပေးသည့်အတိုင်း ထားရှိရမည်၊

(၃) အဖွဲ့၏ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ကောင်စီ က အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရပိုင်ခွင့်များကို ခံစားခွင့်ပြုရမည်၊

( ခ ) အဖွဲ့သည်—

(၁) ပညာရေးဝန်ကြီးဌာနကို တာဝန်ခံရမည်၊

(၂) လုပ်ငန်း တာဝန် များ ကို ဆောင် ရွက် ရန် လိုအပ်သောရုံးကို ဖွဲ့စည်းထားရှိရမည်။

(ပုံ) စန်းယု၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်။
(၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

ပ၊စ၊က၊—အမှတ် ၁၂၉၅၆၈—၂၃-၁-၈၂။ ၅,၀၀၀ + ၂၅—မနလခ + ဖလ။